# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
# ၂၀၀၃ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ
# အရအသုံးဆိုင်ရာ ဥပဒေ
## (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ
## အမှတ် ၆ / ၂၀၀၃)

၁၃၆၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၀၃ ခုနှစ်၊ မတ်လ ၂၈ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၀၃ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေ၏ အပိုင်း ၆ ပါ ကုန်သွယ်လုပ်ငန်းခွန်နှင့် စပ်လျဉ်းသည့် ပုဒ်မ ၂၈ မှ ပုဒ်မ ၃၃ အထိပါ ပြဋ္ဌာန်းချက်များသည်လည်းကောင်း၊ အပိုင်း ၇ ပါ ဝင်ငွေခွန်နှင့်စပ်လျဉ်းသည့် ပုဒ်မ ၃၆ မှ ပုဒ်မ ၄၅ အထိပါပြဋ္ဌာန်းချက်များ၊ ပုဒ်မ ၄၇ နှင့် ပုဒ်မ ၄၈ ပါ ပြဋ္ဌာန်းချက်များနှင့် ပုဒ်မ ၅၁ မှ ပုဒ်မ ၆၂ အထိပါ ပြဋ္ဌာန်းချက်များသည်လည်းကောင်း ၂၀၀၃-၂၀၀၄ စည်းကြပ်နှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

(ဂ) ဤဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ (ခ) ပါ ပုဒ်မများမှ အပကျန်ပုဒ်မများပါ ပြဋ္ဌာန်းချက်များသည် ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွက် ၂၀၀၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အကျိုးသက်ရောက်စေရမည်။

# အပိုင်း ၂

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

## အခန်း (၁)

## ရငွေများနှင့် သုံးငွေများ

၂။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိ

လက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

၄။ (က) ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသောရငွေများအနက် ပြည်ပအကူအညီရငွေနှင့် အခန်း (၃) အရ ချေးယူရငွေတို့သည် လျာထားသည်ထက် ပိုမိုရရှိလျှင် ထိုသို့ပိုမိုရရှိသော ပြည်ပအကူအညီရငွေ၊ ချေးယူရငွေတို့ဖြင့် ကျခံရမည့် လုပ်ငန်းအသုံးစရိတ်များကို ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန်လိုအပ်ပါက အစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ခွင့်ပြုနိုင်သည်။ သို့ရာတွင် ထိုသို့ပြည်ပမှ အကူအညီရငွေ၊ ချေးယူရငွေများကြောင့် နိုင်ငံတော်၏ ဘဏ္ဍာမှ ကျပ်ငွေဖြင့် ကျခံသုံးစွဲရမည့် အသုံးစရိတ်များအတွက် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားသော ငွေဖြင့် မလုံလောက်ပါက ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်။

(ခ) အစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) အရ ပိုမိုသုံးစွဲခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြရမည်။

၅။ လုပ်ငန်းလိုအပ်ချက်အရ ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ဖော်ပြထားသော ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြသော ၂၀၀၃-၂၀၀၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အခန်း (၂)

## သီးသန့်ရန်ပုံငွေ

၆။ (က) နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဇယား (၄) စာတိုင် ၁၂ တွင် ဖော်ပြထားသော သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အောက်ပါ စည်းကမ်းချက်များနှင့်အညီသာလျှင် ဆောင်ရွက်ခွင့်ရှိသည် —

(၁) ကြိုတင် မမျှော်မှန်းနိုင်သော အသုံးစရိတ်ဖြစ်ခြင်း၊

(၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင် မဖြစ်သည့် ကိစ္စဖြစ်ခြင်း၊

(၃) တည်ဆဲ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ် လွှဲပြောင်းကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်းကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း၊

(ခ) သီးသန့် ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) အစိုးရအဖွဲ့သည် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြရမည်။

၇။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဤဥပဒေအရ လျာထားသော ရငွေတို့ထက်တိုး၍ သို့မဟုတ် လျော့၍ရသော ရငွေများနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သီးသန့်ရန်ပုံငွေမှ ထုတ်ယူသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ပုဒ်မ ၄ အရ အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ နိုင်ငံတော်၏နောက်ထပ် ရငွေသုံးငွေအဖြစ် တင်ပြတောင်းခံခွင့်မရှိစေရ။ သို့ရာတွင် ပုဒ်မ ၆ ၌ပါရှိသော စည်းကမ်းချက်များနှင့် ညီညွတ်သည့် အသုံးစရိတ်များအတွက် ဤဥပဒေအရ ခွင့်ပြုထားသော သီးသန့်ရန်ပုံငွေနှင့် လုံလောက်ခြင်းမရှိပါက အသုံးစရိတ် တစ်ခုချင်းအတွက် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြတောင်းခံနိုင်သည်။

## အခန်း (၃)

## ငွေချေးယူခြင်း

၈။ အစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းပါ အသုံးစရိတ်အတွက်ဖြစ်စေ နိုင်ငံတော်က တာဝန်ယူသည့် ငွေချေးစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းဖြင့်လည်းကောင်း၊ ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ငွေချေးယူနိုင်သည်။ ထိုသို့ ချေးငွေရယူသည့်အခါ သင့်သည်ထင်မြင်သည့် အတိုးနှုန်းများသတ်မှတ်၍ ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။

၉။ ယခင် ဘဏ္ဍာရေးနှစ်အတွင်းက လိုအပ်ငွေများ ဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့်စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ်အသစ်များဖြင့် လဲလှယ်နိုင်သည်။

၁၀။ နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများနှင့် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် လုပ်ငန်းစီမံချက်များအတွက် အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ပြည်ပမှ ငွေချေးယူနိုင်သည်။

၁၁။ အစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် အစိုးရဌာနတစ်ခုခုအား ပြည်ပမှငွေချေးယူခွင့်ပြုနိုင်သည်။

၁၂။ (က) အစိုးရအဖွဲ့သည် ဤအခန်း (၃) ပါ ကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးအား လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်။

(ခ) ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးသည် ဤအခန်း (၃) အရ ငွေချေးယူသော ကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၁၃။ ၂၀၀၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၀၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်း (၃) အရ ငွေချေးစာချုပ်များ ချုပ်ဆိုပြီးနောက် အမှန်တကယ်ချေးယူလက်ခံ ရရှိသည့်ငွေစုစုပေါင်းသည် ကျပ်သိန်း နှစ်သိန်း ပမာဏထက် မပိုစေရ။

## အပိုင်း ၃

## နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ

၁၄။ နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများသည် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့

ဆောင်ရွက်၍ရသော ရငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၁၅။ (က) နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၆။ (က) အစိုးရအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော ငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြသော ၂၀၀၃-၂၀၀၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) အစိုးရအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးနိုင်သည်။

## အပိုင်း ၄

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

၁၇။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ဘဏ္ဍာငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၁၈။ (က) တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၇) နှင့် (၈) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ် အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၉။ (က) အစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၇) နှင့် (ဂ) တို့တွင်

ဖော်ပြထားသော ငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြသော ၂၀၀၃-၂၀၀၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) အစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေး အဖွဲ့များအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကိုထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၂၀။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၅

## စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ

၂၁။ အစိုးရအဖွဲ့သည် စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များအား ငွေချေးခြင်း၊ အထောက်အပံ့ပေးခြင်း ပြုနိုင်သည်။

## အပိုင်း ၆

## ကုန်သွယ်လုပ်ငန်းခွန်

၂၂။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေ၏ နောက်ဆက်တွဲ ဇယား ၁ ပါ အခွန်မကျသင့်စေမည့် ကုန်စည်များစာရင်းတွင် အမှတ်စဉ် ၆၅ ၏ နောက်၌ အမှတ်စဉ် ၆၆၊ ၆၇၊ ၆၈၊ ၆၉၊ ၇၀ နှင့် ၇၁ တို့ကို ဤဥပဒေ၏ ဇယား ၉ တွင် ဖော်ပြထားသည့်အတိုင်း ဖြည့်စွက်ရမည်။

၂၃။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေ၏ နောက်ဆက်တွဲဇယား ၂ ပါ ၅ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည့် ကုန်စည်များစာရင်းတွင် အမှတ်စဉ် ၃၁ ၏ နောက်၌ အမှတ်စဉ် ၃၂၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁၊ ၄၂၊ ၄၃၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇၊ ၄၈၊ ၄၉၊ ၅၀၊ ၅၁၊ ၅၂၊ ၅၃၊ ၅၄၊ ၅၅ နှင့် ၅၆ တို့ကို ဤဥပဒေ၏ ဇယား (၁၀) တွင် ဖော်ပြထားသည့်အတိုင်း ဖြည့်စွက်ရမည်။

၂၄။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေ၏ နောက်ဆက်တွဲ ဇယား ၃ ပါ ၁၀ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည့် ကုန်စည်များ စာရင်းတွင် အမှတ်စဉ် ၁၂၀ ၏ နောက်၌ အမှတ်စဉ် ၁၂၁၊ ၁၂၂၊ ၁၂၃၊ ၁၂၄၊ ၁၂၅၊ ၁၂၆၊ ၁၂၇၊ ၁၂၈၊ ၁၂၉၊ ၁၃၀ နှင့် ၁၃၁ တို့ကို ဤဥပဒေ၏ ဇယား (၁၁ ) တွင် ဖော်ပြထားသည့်အတိုင်း ဖြည့်စွက်ရမည်။

၂၅။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၏ နောက်ဆက်တွဲ ဇယား ၄ ပါ ၂၀ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည့် ကုန်စည်များစာရင်းတွင် အမှတ်စဉ် ၈၈ ၏ နောက်၌ အမှတ်စဉ် ၈၉၊ ၉၀ နှင့် ၉၁ တို့ကို ဤဥပဒေ၏ ဇယား (၁၂) တွင် ဖော်ပြထားသည့်အတိုင်း ဖြည့်စွက်ရမည်။

၂၆။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၏ နောက်ဆက်တွဲ ဇယား ၅ ပါ ၂၅ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည့် ကုန်စည်များစာရင်းတွင် အမှတ်စဉ် ၅၁ ၏ နောက်၌ အမှတ်စဉ် ၅၂၊ ၅၃၊ ၅၄ နှင့် ၅၅ တို့ကို ဤဥပဒေ၏ ဇယား (၁၃) တွင် ဖော်ပြထားသည့်အတိုင်း ဖြည့်စွက်ရမည်။

၂၇။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၏ နောက်ဆက်တွဲ ဇယား ၇ ပါ ဝန်ဆောင်မှုများစာရင်းတွင် အမှတ်စဉ် ၅ ၏ နောက်၌ အမှတ်စဉ် ၆၊ ၇၊ ၈၊ ၉ နှင့် ၁၀ တို့ကို ဤဥပဒေ၏ ဇယား (၁၄) တွင် ဖော်ပြထားသည့်အတိုင်း ဖြည့်စွက်ရမည်။

၂၈။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၏ နောက်ဆက်တွဲ ဇယား ၁ မှ ဇယား ၆ အထိနှင့် ဇယား ၇ အမှတ်စဉ် ၃ တို့တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ

မည်သူမဆို ဇယား ၁ မှ ဇယား ၆ အထိ ပါရှိသော ကုန်စည်အမျိုးအစား များကို ထုတ်လုပ်ရောင်းချမှုလုပ်ငန်း တစ်ရပ်ရပ်အတွက်သော် လည်းကောင်း၊ ဇယား ၇ အမှတ်စဉ် ၃ တွင် ပါရှိသော ကုန်စည် ဝယ်ယူ ရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်း တစ်ရပ်ရပ်အတွက် သော်လည်းကောင်း ရောင်းရငွေ သို့မဟုတ် ရောင်းရငွေစုစုပေါင်းတွင် နိုင်ငံခြားငွေပါဝင်ပါက ယင်းသို့ပါဝင်သည့် နိုင်ငံခြားငွေပမာဏ၏ ၈ ရာခိုင်နှုန်းနှင့် ညီမျှသော ကုန်သွယ်လုပ်ငန်းခွန်ကို ယင်းနိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည်။

၂၉။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၏ နောက်ဆက်တွဲဇယား ၁ မှ ဇယား ၆ အထိနှင့် ဇယား ၇ အမှတ်စဉ် ၃ တို့တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို ဇယား ၁ မှ ဇယား ၆ အထိ ပါရှိသော ကုန်စည်အမျိုးအစား များကို ထုတ်လုပ်ရောင်းချမှုလုပ်ငန်း တစ်ရပ်ရပ်အတွက်သော် လည်းကောင်း၊ ဇယား ၇ အမှတ်စဉ် ၃ တွင် ပါရှိသော ကုန်စည်ဝယ်ယူ ရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်း တစ်ရပ်ရပ်အတွက်သော်လည်းကောင်း ပြည်ထောင်စု မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်ထောင်စု မြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံ၊ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ထိုင်း နိုင်ငံတို့အကြား နယ်စပ်ကုန်သွယ်မှုတို့တွင် ကျပ်ငွေဖြင့် ပို့ကုန်ရောင်းရငွေ ရရှိပါက ယင်းရောင်းရငွေ စုစုပေါင်း၏ ၈ ရာခိုင်နှုန်းကို ကုန်သွယ်လုပ်ငန်း ခွန်အဖြစ် ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၃၀။ ပုဒ်မ ၂၈ နှင့် ၂၉ တို့တွင်ပါရှိသော ပြဋ္ဌာန်းချက်များသည် လက်ခစားလုပ်ငန်း (စီအမ်ပီ) စနစ်ဖြင့် ဆောင်ရွက်သော လုပ်ငန်းများမှ ပြန်လည်တင်ပို့သည့် ပို့ကုန်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းမှ ရရှိသည့် ရောင်းရငွေများနှင့် သက်ဆိုင်ခြင်းမရှိစေရ။ သို့ရာတွင် ပြည်တွင်း၌ နိုင်ငံခြား ငွေနှင့် ရောင်းချလျှင်မူ ရောင်းရငွေ၏ ၈ ရာခိုင်နှုန်းကို ကုန်သွယ်လုပ်ငန်းခွန် အဖြစ် ယင်းနိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည်။

၃၁။ မည်သူမဆို ယခင်က ကုန်စည်တစ်မျိုးအတွက် ကုန်သွယ်လုပ်ငန်း ခွန်ကို နိုင်ငံခြားငွေဖြင့် ပေးဆောင်ခဲ့ပြီးဖြစ်လျှင် အခွန်နှုန်းကြိမ် ပေးဆောင်

ရခြင်းမရှိစေရန် အလို့ငှာ ယင်းကုန်စည်အတွက် ပို့ကုန်ရောင်းရငွေအပေါ် နိုင်ငံခြားငွေဖြင့် ကုန်သွယ်လုပ်ငန်းခွန် ထပ်မံစည်းကြပ်ခြင်း မပြုရ။

၃၂။ ပုဒ်မ ၂၈၊ ၂၉ နှင့် ၃၀ တို့တွင် ပါရှိသော ပြဋ္ဌာန်းချက်များသည် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၈ အရ အမိန့်ကြော်ငြာစာထုတ်ပြန်၍ အမွန် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပြုခြင်းတို့နှင့် သက်ဆိုင်ခြင်းမရှိစေရ။

၃၃။ မည်သူမဆို ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံ၊ ပြည်ထောင်စု မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ၊ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့အကြား နယ်စပ်ကုန်သွယ်မှုတွင် ပြည်ပမှကုန်စည်များ တင်သွင်း ပါက ယင်းကုန်စည်များ၏ ကုန်းပေါ်ရောက်တန်ဖိုးအပေါ် ကုန်သွယ် လုပ်ငန်းခွန်ကို အထူးကိစ္စတစ်ရပ်အနေဖြင့် သွင်းကုန်တင်သွင်းရာ၌ ကျပ်ငွေ ဖြင့် ပေးချေအသုံးပြုခဲ့လျှင် ကျပ်ငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့် ပေးချေအသုံးပြုခဲ့လျှင် ယင်းနိုင်ငံခြားငွေဖြင့်လည်းကောင်း ကုန်သွယ် လုပ်ငန်းခွန်ဥပဒေပါ နှုန်းများအတိုင်း ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင် ရမည်။ ဤသို့ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်သည် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ သွင်းကုန်အပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် ပြုထားသည့် ကုန်စည်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

## အပိုင်း ၄
## ဝင်ငွေခွန်

### အခန်း (၁)
### အဓိပ္ပာယ်ဖွင့်ဆိုချက်

၃၄။ ဤအပိုင်းတွင်ပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက် သည် ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

# အခန်း (၂)

## ပုဂ္ဂလိက ဝင်ငွေခွန်နှုန်း

၃၅။ မည်သူ့ကိုမဆို လစာခေါင်းစဉ်မှ ဝင်ငွေအပေါ် အောက်ပါဇယား တွင် ဖော်ပြထားသည့်အတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည် —

| အမှတ်စဉ် | သတ်မှတ်ထားသော သက်သာခွင့်များ ခုနှိမ် ပြီးနောက် ကျန်လစာဝင်ငွေအပေါ် ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| ၁ | ၁ | ၅၀၀၀ | ၃ ရာခိုင်နှုန်း |
| ၂ | ၅၀၀၁ | ၁၀၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၁၀၀၀၁ | ၂၀၀၀၀ | ၇ ရာခိုင်နှုန်း |
| ၄ | ၂၀၀၀၁ | ၃၀၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၅ | ၃၀၀၀၁ | ၅၀၀၀၀ | ၁၂ ရာခိုင်နှုန်း |
| ၆ | ၅၀၀၀၁ | ၇၀၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၇ | ၇၀၀၀၁ | ၉၀၀၀၀ | ၁၆ ရာခိုင်နှုန်း |
| ၈ | ၉၀၀၀၁ | ၁၁၀၀၀၀ | ၁၇ ရာခိုင်နှုန်း |
| ၉ | ၁၁၀၀၀၁ | ၁၅၀၀၀၀ | ၁၈ ရာခိုင်နှုန်း |
| ၁၀ | ၁၅၀၀၀၁ | ၂၀၀၀၀၀ | ၁၉ ရာခိုင်နှုန်း |
| ၁၁ | ၂၀၀၀၀၁ | ၃၀၀၀၀၀ | ၂၀ ရာခိုင်နှုန်း |
| ၁၂ | ၃၀၀၀၀၁ | ၅၀၀၀၀၀ | ၂၂ ရာခိုင်နှုန်း |
| ၁၃ | ၅၀၀၀၀၁ နှင့် အထက် | | ၃၀ ရာခိုင်နှုန်း |

၃၆။ ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ မနုတ်မီ ပြည်ပနေ နိုင်ငံသားက နိုင်ငံခြားငွေဖြင့် ပြည်ပမှရရှိသည့် စုစုပေါင်းဝင်ငွေ အပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၃၇။ နိုင်ငံခြားသားတစ်ဦးသည် နိုင်ငံတော်၏ သို့မဟုတ် နိုင်ငံတော်က ကမကထပြုသော စီမံကိန်းလုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုတစ်ရပ်ရပ်၌ သက်ဆိုင်ရာဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ပါဝင်ဆောင်ရွက်ခြင်း ဖြစ်လျှင် ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ သက်သာ ခွင့်များ မနုတ်မီ ထိုသူရရှိသည့် ကျပ်ငွေဖြင့် စုစုပေါင်း ဝင်ငွေအပေါ် ၂၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၃၈။ နိုင်ငံခြား၌ ဖွဲ့စည်းထားသော ပုဂ္ဂိုလ်စုသည် နိုင်ငံတော်၏ သို့မဟုတ် နိုင်ငံတော်က ကမကထပြုသော စီမံကိန်းလုပ်ငန်း သို့မဟုတ် ဆောင်ရွက်မှု တစ်ရပ်ရပ်၌ သက်ဆိုင်ရာဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ပါဝင်ဆောင်ရွက်ခြင်းဖြစ်လျှင် ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ မနုတ်မီ ထိုပုဂ္ဂိုလ်စုရရှိသည့် ကျပ်ငွေဖြင့် စုစုပေါင်းဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် စည်းကြပ်ရမည်။

၃၉။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီ အက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ တည်ထောင်သည့် ကုမ္ပဏီဖြစ်လျှင် ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ သက်သာ ခွင့်များ မနုတ်မီ ယင်းကုမ္ပဏီကရရှိသည့် ကျပ်ငွေဖြင့် စုစုပေါင်းဝင်ငွေ အပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၄၀။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ မနုတ်မီ ပြည်ပနေ နိုင်ငံခြားသား၏ စုစုပေါင်းဝင်ငွေအပေါ် ၃၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။ (ဝင်ငွေကို နိုင်ငံခြားငွေဖြင့်ရရှိခြင်းဖြစ်ပါက ဝင်ငွေခွန်ကို ယင်းနိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည်။ သို့ရာတွင် ပုဒ်မ ၄၁ ပါ ဇယား တွင် ဖော်ပြထားသည့် နှုန်းများအနက် သက်ဆိုင်သည့်နှုန်းများဖြင့် ဝင်ငွေခွန်

တွက်ချက်၍ ရရှိသော ဝင်ငွေခွန်သည် ၃၅ ရာခိုင်နှုန်းဖြင့် တွက်ချက်၍ ရသည်ထက်များလျှင် များရာဝင်ငွေခွန်ကို ပေးဆောင်ရမည်။)

၄၁။ ပုဒ်မ ၃၆၊ ၃၇၊ ၃၈၊ ၃၉ နှင့် ၄၀ တို့မှအပ အသက်မွေးဝမ်းကျောင်း ပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်း၊ ပစ္စည်း၊ ဝင်ငွေရလမ်း မဖော်ပြနိုင်သည့် ဝင်ငွေနှင့် အခြားရလမ်းမှ ဝင်ငွေများအပေါ် အောက်ပါဇယားတွင် ဖော်ပြထားသည့်အတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည် —

| အမှတ်စဉ် | သတ်မှတ်ထားသော သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| ၁ | ၁ | ၅၀၀၀ | ၅ ရာခိုင်နှုန်း |
| ၂ | ၅၀၀၁ | ၁၀၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၃ | ၁၀၀၀၁ | ၂၀၀၀၀ | ၁၁ ရာခိုင်နှုန်း |
| ၄ | ၂၀၀၀၁ | ၃၀၀၀၀ | ၁၂ ရာခိုင်နှုန်း |
| ၅ | ၃၀၀၀၁ | ၄၀၀၀၀ | ၁၄ ရာခိုင်နှုန်း |
| ၆ | ၄၀၀၀၁ | ၅၀၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၇ | ၅၀၀၀၁ | ၈၀၀၀၀ | ၁၆ ရာခိုင်နှုန်း |
| ၈ | ၈၀၀၀၁ | ၁၁၀၀၀၀ | ၁၇ ရာခိုင်နှုန်း |
| ၉ | ၁၁၀၀၀၁ | ၁၅၀၀၀၀ | ၁၈ ရာခိုင်နှုန်း |
| ၁၀ | ၁၅၀၀၀၁ | ၂၀၀၀၀၀ | ၁၉ ရာခိုင်နှုန်း |
| ၁၁ | ၂၀၀၀၀၁ | ၃၀၀၀၀၀ | ၂၀ ရာခိုင်နှုန်း |
| ၁၂ | ၃၀၀၀၀၁ | ၄၀၀၀၀၀ | ၂၂ ရာခိုင်နှုန်း |
| ၁၃ | ၄၀၀၀၀၁ | ၁၀၀၀၀၀၀ | ၂၅ ရာခိုင်နှုန်း |
| ၁၄ | ၁၀၀၀၀၀၁ | ၂၀၀၀၀၀၀ | ၃၅ ရာခိုင်နှုန်း |
| ၁၅ | ၂၀၀၀၀၀၁ နှင့် အထက် | | ၄၀ ရာခိုင်နှုန်း |

# အခန်း (၃)

## သမဝါယမအသင်းများ၏ ဝင်ငွေခွန်နှုန်း

၄၂။ သမဝါယမအသင်း ဥပဒေအရ မှတ်ပုံတင် ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်း၊ သမဝါယမအသင်းစု၊ သမဝါယမအသင်းစုချုပ် သို့မဟုတ် ဗဟိုသမဝါယမအသင်းများ၏ ဝင်ငွေအပေါ် အောက်ပါဇယားတွင် ဖော်ပြထားသည့်အတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည် —

| အမှတ်စဉ် | သတ်မှတ်ထားသော သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေခွန် စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| ၁ | ၁ | ၅၀၀၀ | ၃ ရာခိုင်နှုန်း |
| ၂ | ၅၀၀၁ | ၁၀၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၁၀၀၀၁ | ၂၀၀၀၀ | ၇ ရာခိုင်နှုန်း |
| ၄ | ၂၀၀၀၁ | ၃၀၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၅ | ၃၀၀၀၁ | ၅၀၀၀၀ | ၁၂ ရာခိုင်နှုန်း |
| ၆ | ၅၀၀၀၁ | ၇၀၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၇ | ၇၀၀၀၁ | ၉၀၀၀၀ | ၁၆ ရာခိုင်နှုန်း |
| ၈ | ၉၀၀၀၁ | ၁၁၀၀၀၀ | ၁၇ ရာခိုင်နှုန်း |
| ၉ | ၁၁၀၀၀၁ | ၁၅၀၀၀၀ | ၁၈ ရာခိုင်နှုန်း |
| ၁၀ | ၁၅၀၀၀၁ | ၂၀၀၀၀၀ | ၁၉ ရာခိုင်နှုန်း |
| ၁၁ | ၂၀၀၀၀၁ | ၃၀၀၀၀၀ | ၂၀ ရာခိုင်နှုန်း |
| ၁၂ | ၃၀၀၀၀၁ | ၅၀၀၀၀၀ | ၂၂ ရာခိုင်နှုန်း |
| ၁၃ | ၅၀၀၀၀၁ နှင့် အထက် | | ၃၀ ရာခိုင်နှုန်း |

## အခန်း (၄)

## နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဝင်ငွေခွန်နှုန်း

၄၃။ ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ မနုတ်မီ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ စုစုပေါင်း ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

## အခန်း (၅)

## ပုဂ္ဂလိက၊ သမဝါယမအသင်းနှင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ၏ အခြေပစ္စည်းမှ မြတ်စွန်းငွေဆိုင်ရာ ဝင်ငွေခွန်နှုန်း

၄၄။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ အခြေပစ္စည်းမှ မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေ အပေါ် ၁၀ ရာခိုင်နှုန်းဖြင့် စည်းကြပ်ရမည်။ သို့ရာတွင် ပြည်ပနေ နိုင်ငံခြားသားဖြစ်ပါက ၄၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

## အခန်း (၆)

## ပုဂ္ဂလိကနှင့် သမဝါယမအသင်းများက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့်ဆောင်ရွက်သော လုပ်ငန်းဆိုင်ရာ ဝင်ငွေခွန်နှုန်း

၄၅။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့်ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်းဖြစ်လျှင် ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ယင်းလုပ်ငန်း၏ စုစုပေါင်းဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

## အခန်း (၇)

## စည်းကြပ်ခြင်းမပြုရသော ဝင်ငွေသတ်မှတ်ခြင်း

**၄၆။** ပုဒ်မ ၃၅ အရ လစာခေါင်းစဉ်မှ ဝင်ငွေအပေါ် အခွန်စည်းကြပ်ရာတွင် စုစုပေါင်း လစာဝင်ငွေကျပ် ၃၀၀၀၀ ထက်မပိုလျှင် ဝင်ငွေခွန် စည်းကြပ်ခြင်းမပြုရ။

၄၇။ ပုဒ်မ ၄၁ နှင့် ၄၂ တို့အရ အခွန်စည်းကြပ်ရာတွင် စုစုပေါင်း ဝင်ငွေ ကျပ် ၃၀၀၀၀ ထက်မပိုလျှင် ဝင်ငွေခွန် စည်းကြပ်ခြင်းမပြုရ။

၄၈။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းပြုလုပ်လျှင် ယင်းသို့ပြုလုပ်သည့် နှစ် တစ်နှစ်အတွင်း တန်ဖိုးစုစုပေါင်းသည် ကျပ် ၁၀၀၀၀၀ ထက်မပိုလျှင် ဝင်ငွေခွန် စည်းကြပ်ခြင်းမပြုရ။

၄၉။ ပုဒ်မ ၄၆၊ ၄၇ နှင့် ၄၈ တို့တွင် သတ်မှတ်ထားသည့် ငွေထက် ပိုသော်လည်း ပိုငွေပမာဏ မကြီးမားသော ကိစ္စများတွင် ဝင်ငွေခွန် စည်းကြပ်ရာ၌ မျှတမှုရှိရမည့်အပြင် တာဝန်ကြီးလေးမှုမရှိစေရန် လိုအပ်မည့် အထူးတွက်ချက်နည်းများကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေညာနိုင်သည်။

၅၀။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (ခ) တွင်မည်သို့ပင် ပြဋ္ဌာန်း ပါရှိစေကာမူ ဤအပိုင်းပါ နှုန်းထားများအရ စည်းကြပ်မည့် အခွန်များအပြင် ဝင်ငွေခွန်ထပ်မံစည်းကြပ်ခြင်းမပြုရ။

## အခန်း (၈)

## သက်သာခွင့်ပြုခြင်း

**၅၁။** ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) နှင့်ပုဒ်မခွဲ (ခ) (၁) တို့အရ အခြေခံသက်သာခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ ရာခိုင်

နှုန်းနှင့် ညီမျှသောငွေဖြစ်ရမည်။ သို့ရာတွင် တစ်နှစ်အတွက် အခြေခံ သက်သာခွင့်ပြုငွေ စုစုပေါင်းသည် ငွေကျပ် ၁၂၀၀၀ ထက် မပိုစေရ။

၅၂။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) (၂) အရ ပုဂ္ဂိုလ်စုမဟုတ်သော အခွန်ထမ်းတစ်ဦး၏ အိမ်ထောင်ဖက်နှင့် သားသမီးများအတွက် အောက်ပါအတိုင်း သက်သာခွင့်ပြုရမည် —

(က) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ငွေကျပ် ၅၀၀၀၊

(ခ) အသက် ၅ နှစ်မကျော်သည့် သားသမီးအတွက် တစ်ဦးလျှင်ငွေကျပ် ၁၀၀၀ စီ၊

(ဂ) အသက် ၅ နှစ်ကျော်ပြီး ၁၀ နှစ်မကျော်သည့် သားသမီးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၂၀၀ စီ၊

(ဃ) အသက် ၁၀ နှစ်ကျော်ပြီး ၁၅ နှစ်မကျော်သည့် သားသမီးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၆၀၀ စီ၊

(င) အသက် ၁၅ နှစ်ကျော်သည့် သားသမီးအတွက်တစ်ဦးလျှင် ငွေကျပ် ၂၀၀၀ စီ၊

၅၃။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) (၃) နှင့် (၄) တို့အရ သက်သာခွင့်ပြုငွေသည် သက်ဆိုင်ရာ ဝင်ငွေနှစ်အတွင်း အခွန်ထမ်းက အမှန်ပေးသွင်းသည့် ငွေအားလုံးဖြစ်ရမည်။

## အခန်း (၉)

## ကျပ်ငွေနှင့် နိုင်ငံခြားငွေများဖြင့် ဝင်ငွေခွန်စည်းကြပ်ခြင်း

၅၄။ ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ မြန်မာနိုင်ငံသားများက ကုန်စည်ထုတ်လုပ်ရောင်းချခြင်းနှင့် စီးပွားရေးလုပ်ငန်း တစ်ရပ်ရပ် လုပ်ကိုင်ခြင်းမှ နိုင်ငံခြားငွေရရှိခြင်းများနှင့် စပ်လျဉ်း၍ ရရှိသော နိုင်ငံခြားငွေ စုစုပေါင်း၏ ၂ ရာခိုင်နှုန်းကို ဝင်ငွေခွန်အဖြစ် ယင်းနိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည်။

၅၅။ ပုဒ်မ ၅၄ တွင်ပါရှိသော နိုင်ငံခြားငွေ ရရှိသူများအပေါ် စုစုပေါင်း ရငွေ၏ ၂ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် ပေးဆောင်စေခြင်းသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်းများမှ ရရှိသည့် ရငွေများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၅၆။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်းမှ နိုင်ငံခြားငွေရရှိလျှင် ယင်းရငွေအပေါ် ဝင်ငွေခွန်စည်းမျဉ်း၏ စည်းမျဉ်း ၅-ခ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တွက်ချက်၍ ယင်းနိုင်ငံခြားငွေဖြင့် ဝင်ငွေခွန်ပေးဆောင်ရမည်။

၅၇။ ပြည်တွင်းနေ နိုင်ငံခြားသားသည် အောက်ဖော်ပြပါ ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်ကို နိုင်ငံခြားငွေဖြင့်ရရှိလျှင် ဝင်ငွေခွန် ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ပ) (၁) တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ထိုသို့ရရှိသည့် နိုင်ငံခြားငွေ စုစုပေါင်းအပေါ်တွင် ၁၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်ကို ယင်းနိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည် —

(က) အဆောက်အအုံ၊ အခန်း၊ ယာဉ်၊ စက်ယန္တရားများနှင့် အခြားပစ္စည်းများ အငှားချထားခြင်းအတွက် ရရှိသည့် ဝင်ငွေ၊

(ခ) လစာခေါင်းစဉ်မှ ရရှိသည့်ဝင်ငွေ၊

(ဂ) ပုဂ္ဂိုလ်စုမှအပ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ပေးမှုအတွက်လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းပညာ လုပ်ငန်းခေါင်းစဉ်မှလည်းကောင်း၊ အကြံပေးခြင်းနှင့်အကျိုးဆောင်ခြင်း စသည့်အခြားဆောင်ရွက်ပေးမှုအတွက်လည်းကောင်း ရရှိသည့်ဝင်ငွေ။

၅၈။ ပြည်တွင်းနေ နိုင်ငံသားများနှင့် ပြည်ပနေ နိုင်ငံသားများသည် ပုဒ်မ ၅၇ တွင်ပါရှိသော ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်ကို နိုင်ငံခြားငွေဖြင့် ရရှိလျှင် ဝင်ငွေခွန် ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ပ) (၁)နှင့် (၂) တို့တွင်

မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ထိုသို့ရရှိသည့် နိုင်ငံခြားငွေ စုစုပေါင်း အပေါ်တွင် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်ကို ယင်းနိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည်။

၅၉။ ပုဒ်မ ၅၇ နှင့် ၅၈ တို့တွင် ပါရှိသော ပြဋ္ဌာန်းချက်များသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်းများမှ ရရှိသောငွေများနှင့် သက်ဆိုင်ခြင်း မရှိစေရ။ သို့ရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်သော လုပ်ငန်းများမှ ရရှိသောငွေများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသားများက နိုင်ငံခြားငွေရရှိမှုအပေါ် ဝင်ငွေခွန်ပေးရသည့်နှုန်း အတိုင်း နိုင်ငံခြားငွေဖြင့် ဝင်ငွေခွန်ပေးဆောင်ရမည်။

၆၀။ ပြည်တွင်းနေ နိုင်ငံခြားသားသည် နိုင်ငံခြားငွေဖြင့် ကုန်စည် ထုတ်လုပ်ရောင်းချခြင်း၊ စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်ခြင်းနှင့် ဝန်ဆောင်မှုတစ်ရပ်ရပ် ဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် ယင်းရငွေ အပေါ် ဝင်ငွေခွန်စည်းမျဉ်းများ၏စည်းမျဉ်း ၅-ခ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ တွက်ချက်၍ နိုင်ငံခြားငွေဖြင့် ဝင်ငွေခွန်ပေးဆောင်ရမည်။

၆၁။ ပုဂ္ဂလိက ကဏ္ဍနှင့် သမဝါယမကဏ္ဍတို့၌ ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်ထောင်စု မြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတ နိုင်ငံ၊ ပြည်ထောင်စု မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား နယ်စပ်ကုန်သွယ်မှု တွင် ကျပ်ငွေဖြင့် ပို့ကုန်ရောင်းရငွေ ရရှိပါက ယင်းရောင်းရငွေစုစုပေါင်း၏ ၂ ရာခိုင်နှုန်းကို ကျပ်ငွေဖြင့် ဝင်ငွေခွန် ပေးဆောင်ရမည်။ သို့ရာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်းများမှ ရရှိသည့်ငွေများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၆၂။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်းသည် ကျပ်ငွေဖြင့် ဝင်ငွေရရှိပါက ဝင်ငွေခွန်ဥပဒေတွင် ပါရှိသော ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ကျပ်ငွေ

နှင့် နိုင်ငံခြားငွေနှစ်ရပ်ဖြင့် ဝင်ငွေရရှိပါက ဝင်ငွေခွန်စည်းမျဉ်းများ၏ စည်းမျဉ်း ၅-ခ တွင် ပါရှိသော ပြဋ္ဌာန်းချက်များအရလည်းကောင်း တွက်ချက်၍ ဝင်ငွေခွန်ပေးဆောင်ရမည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် စာရင်းစစ်ချုပ် ဇယား (၁)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၀ | ၁၂ | ၁၃ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၁၀,၆၁၀,၀၀၀ | | | | | | | |
| ၂ | ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင် | ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၅၂,၀၀၀ | | | | | | | |
| ၃ | အစိုးရအဖွဲ့ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၃၀၀,၀၀၀ | | ၃၀,၀၀၀ | | | | | |
| ၄ | တရားသူကြီးချုပ် | တရားသူကြီးချုပ် သို့မဟုတ် တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၂၈၀,၀၀၀,၀၀၀ | | | | | | | |
| ၅ | ရှေ့နေချုပ် | ရှေ့နေချုပ် သို့မဟုတ် ရှေ့နေချုပ်က တာဝန်ပေးသူ | | | ၄,၀၀၀,၀၀၀ | | | | | | | |
| ၆ | စာရင်းစစ်ချုပ် | စာရင်းစစ်ချုပ် သို့မဟုတ် စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၈,၀၀၁,၀၀၀ | | ၁,၀၀၀ | | | | | |
| | ပေါင်း ... | | | | ၃၀၂၉၅၂,၀၀၀ | | ၃၁,၀၀၀ | | | | | |

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့်စာရင်းစစ်ချုပ် ဇယား (၂)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | ၇၆၄,၈၀၀,၀၀၀ | | ၅,၀၀၀,၀၀၀ | ၄၃၉,၄၀၄,၆၅၀ | | | | |
| ၂ | ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင် | ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌကတာဝန်ပေးသူ | ၂၂,၀၀၀,၀၀၀ | | | ၃၇,၇၇၅,၀၀၀ | | | | |
| ၃ | အစိုးရအဖွဲ့ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၃၁,၀၀၀,၀၀၀ | | | ၅,၅၈၀,၀၀၀ | | | | |
| ၄ | တရားသူကြီးချုပ် | တရားသူကြီးချုပ် သို့မဟုတ် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၅၄၀,၀၀၀,၀၀၀ | | | ၁၂၂,၀၀၁,၆၄၀ | | | | |
| ၅ | ရှေ့နေချုပ် | ရှေ့နေချုပ် သို့မဟုတ် ရှေ့နေချုပ်က တာဝန်ပေးသူ | ၂၇၃,၅၀၀,၀၀၀ | | | ၄၄,၀၄၃,၄၀၀ | | | | |
| ၆ | စာရင်းစစ်ချုပ် | စာရင်းစစ်ချုပ် သို့မဟုတ် စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၅၁၆,၀၀၀,၀၀၀ | | | ၂၆၄,၇၁၆,၁၃၀ | | | | |
| | ပေါင်း ... | | ၂,၃၄၇,၃၀၀,၀၀၀ | | ၅,၀၀၀,၀၀၀ | ၉၁၃,၅၂၀,၈၂၀ | | | | |

# ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စုဆောင်းငွေ |
| | | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက် | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၆၂,၉၈၁,၈၇၉,၀၀၀ | | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၃၀၆,၁၆၆,၀၀၀ | | | | | | | | | |
| | ၂ | ကုန်သွယ်လုပ်ငန်းခွန် | | ၅၀,၈၉၆,၅၀၅,၀၀၀ | | | | | | | | | |
| | ၃ | ဝင်ကုန်အတွက်လိုင်စင်ခများ | | ၃၁၀,၀၀၀,၀၀၀ | | | | | | | | | |
| | ၄ | မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု | | ၇,၀၅၀,၀၀၀,၀၀၀ | | | | | | | | | |
| | ၅ | သယ်ယူပို့ဆောင်ရေးအခွန် | | ၁,၀၈၀,၀၀၀,၀၀၀ | | | | | | | | | |
| | ၆ | တံဆိပ်ခေါင်းရောင်းရငွေများ | | ၃,၃၃၉,၂၀၈,၀၀၀ | | | | | | | | | |
| ၂ | | ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက် | ၎င်း | ၄၆,၉၂၁,၃၂၃,၀၀၀ | | | | | | | | | |
| | ၁ | ဝင်ငွေခွန် | | ၃၆,၁၆၃,၀၄၃,၀၀၀ | | | | | | | | | |
| | ၂ | အမြတ်ခွန် | | ၁၀,၇၅၈,၂၈၀,၀၀၀ | | | | | | | | | |
| ၃ | | အကောက်ခွန် | ၎င်း | ၅,၀၀၀,၀၀၀,၀၀၀ | | | | | | | | | |
| | ၁ | အကောက်ခွန် | | ၅,၀၀၀,၀၀၀,၀၀၀ | | | | | | | | | |
| ၄ | | နိုင်ငံပိုင်ပစ္စည်းများ အသုံးပြုသည့်အပေါ် ကောက်ခံသည့် အခွန်အကောက် | ၎င်း | ၂,၀၉၈,၈၄၆,၀၀၀ | | | | | | | | | |
| | ၁ | မြေယာပေါ်တွင် ကောက်ခံသည့်အခွန် | | ၇၂,၀၃၄,၀၀၀ | | | | | | | | | |
| | ၂ | ရေခွန်နှင့် တာတမံခွန် | | ၂၄,၆၃၀,၀၀၀ | | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၁,၀၄၉,၅၀၀,၀၀၀ | | | | | | | | | |
| | ၄ | ဓာတ်သတ္တု ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၁၂,၁၈၂,၀၀၀ | | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၉၄၀,၀၀၀,၀၀၀ | | | | | | | | | |
| | ၆ | ကြက်ပေါင်စေးပေါ်တွင် ကောက်ခံသည့်အခွန် | | ၅၀၀,၀၀၀ | | | | | | | | | |
| ၅ | | နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | ၎င်း | | ၉၁,၇၆၉,၈၀၉,၀၀၀ | | | | | | | | |

# ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေ |
| | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၆ | နိုင်ငံခြားရေး | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၈,၂၀၀,၀၀၀ | | | | | | | |
| ၇ | ကာကွယ်ရေး | ၎င်း | | | ၄,၅၁၄,၄၆၄,၀၀၀ | | | | | | | |
| ၈ | နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေး | ၎င်း | | | ၃၆၂,၇၁၄,၉၀၀ | | | ၃,၅၉၅,၇၀၀ | | | | |
| ၉ | ပြည်ထဲရေး | ၎င်း | | | ၁၇၁,၀၀၁,၀၀၀ | | | | | | | |
| ၁၀ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၎င်း | | | ၄၄,၉၀၀,၀၀၀ | | | | | | | |
| ၁၁ | သာသနာရေး | ၎င်း | | | ၉,၁၁၉,၀၀၀ | | | | | | | |
| ၁၂ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၎င်း | | | ၂၆,၅၁၀,၀၀၀ | | | | | | | |
| ၁၃ | ပြန်ကြားရေး | ၎င်း | | | ၄၀၃,၀၀၁,၀၀၀ | | | | | | | |
| ၁၄ | ယဉ်ကျေးမှု | ၎င်း | | | ၃၃,၁၄၈,၀၀၀ | | | | | | | |
| ၁၅ | ပညာရေး | ၎င်း | | | ၃,၈၃၂,၅၀၅,၀၀၀ | | | ၂၀,၈၀၈,၀၀၀ | | | | |
| ၁၆ | ကျန်းမာရေး | ၎င်း | | | ၁,၄၅၈,၀၂၉,၆၀၀ | | ၉၀၀,၀၀၀ | ၄၈,၈၈၉,၀၀၀ | | ၁၁၃,၂၆,၀၀၀ | | |
| ၁၇ | အားကစား | ၎င်း | | | ၃၄,၀၁၀,၀၀၀ | | ၅၀,၀၀၀ | | | | | |
| ၁၈ | အလုပ်သမား | ၎င်း | | | ၄,၉၅၁,၀၀၀ | | | | | | | |
| ၁၉ | သစ်တောရေးရာ | ၎င်း | | | ၂၀၂,၀၀၂,၃၀၀ | | | ၁၈,၃၆၈,၀၀၀ | | | | |
| ၂၀ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | | | ၆,၆၀၇,၉၀၀,၀၀၀ | | ၅၀,၈၅၀,၀၀၀ | ၂၄,၈၆၅,၀၀၀ | | | | |
| ၂၁ | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၎င်း | | | ၃၇၀,၆၀၀,၀၀၀ | | | | | | | |
| ၂၂ | သတ္တုတွင်း | ၎င်း | | | ၄၉,၅၀၀,၀၀၀ | | ၅၀,၀၀၀ | | | | | |
| ၂၃ | အမှတ် (၁) စက်မှု | ၎င်း | | | ၉၂,၃၁၀,၀၀၀ | | | | | | | |
| ၂၄ | အမှတ် (၂) စက်မှု | ၎င်း | | | ၂၈၀,၀၀၀ | | | | | | | |
| ၂၅ | သိပ္ပံနှင့်နည်းပညာ | ၎င်း | | | ၅၈၅,၆၉၁,၀၀၀ | | | ၅၀၀,၀၀၀ | | | | |
| ၂၆ | ရွှမ်းအင် | ၎င်း | | | ၁၅,၀၀၀ | | | | | | | |
| ၂၇ | ဆောက်လုပ်ရေး | ၎င်း | | | ၃,၀၇၀,၀၀၀,၀၀၀ | | ၉၀,၀၀၀,၀၀၀ | | | | | |
| ၂၈ | ပို့ဆောင်ရေး | ၎င်း | | | ၄၆၅,၃၀၈,၀၀၀ | | | ၂၀၀,၀၀၀ | | | | |

ယေား (၃) အဆုံး

## ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စုဆောင်းငွေ |
| | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၂၉ | ရထားပို့ဆောင်ရေး | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁,၁၀၀,၀၇၀,၀၀၀ | | | | | | | |
| ၃၀ | ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း | | | | ၁၅၅,၀၀၀,၀၀၀ | | | | | | | |
| ၃၁ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | | | | ၄၀၂,၀၀၀,၀၀၀ | | | | | | | |
| ၃၂ | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း | ၎င်း | | | ၈,၂၀၅,၀၀၀ | | | | | | | |
| ၃၃ | သမဝါယမ | ၎င်း | | | ၃၃,၀၂၀,၃၅၀ | | | | | | | |
| ၃၄ | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | | | ၃၂,၅၈၀,၇၀၀ | | ၁၇၀,၄၀၀,၀၀၀ | | | | ၄၁,၆၉၀,၀၀၀ | |
| ၃၅ | ဘဏ္ဍာရေးနှင့်အခွန် | ၎င်း | | | ၅၅,၈၂၃,၄၇၂,၀၀၀ | ၂၆,၃၈၉,၀၀၀ | | ၁၉၇,၀၀၀,၀၀၀ | ၈၅,၇၃၀,၀၀၀ | | | |
| ၃၆ | ပင်စင်လစာငွေများနှင့်ဆုငွေများ | ၎င်း | | | ၅၀၁,၀၀၀ | | | | | | | |
| | ပေါင်း ---- | | ၁၁၇,၀၀၂,၀၄၈,၀၀၀ | ၉၁,၇၆၉,၈၀၉,၀၀၀ | ၇၉၉၀၁,၀၀၈,၈၅၀ | ၂၆,၃၈၉,၀၀၀ | ၃၁၂,၂၅၀,၀၀၀ | ၃၁၄,၂၂၅,၇၀၀ | ၈၅,၇၃၀,၀၀၀ | ၁၁,၃၂၆,၀၀၀ | ၄၁,၆၉၀,၀၀၀ | |

ဇယား (၄)

## ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ: သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | သီးသန့်ရန်ပုံငွေ |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | နိုင်ငံခြားရေး | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၈၀,၀၀၀,၀၀၀ | --- | ၅,၁၈၂,၀၀၀ | ၅၅,၈၁၈,၇၀၀ | | | | | |
| ၂ | ကာကွယ်ရေး | ၎င်း | ၅၀,၀၃၉,၆၃၅,၉၀၀ | --- | --- | ၃၇,၀၀၀,၀၀၀,၀၀၀ | | | | | |
| ၃ | တပ်မတော်ရေးရာ | ၎င်း | ၈၀၀,၀၀၀ | --- | --- | --- | | | | | |
| ၄ | နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေး | ၎င်း | ၁,၁၂၁,၅၀၀,၀၀၀ | --- | ၂,၈၆၈,၂၂၈,၀၀၀ | ၅,၇၃၆,၈၁၆,၄၉၀ | | | | | |
| ၅ | ပြည်ထဲရေး | ၎င်း | ၇,၂၂၂,၅၀၀,၀၀၀ | --- | ၂၅၄,၇၅၁,၀၀၀ | ၇၅၇,၆၀၄,၁၅၀ | | | | | |
| ၆ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၎င်း | ၅၉၅,၆၀၀,၀၀၀ | --- | --- | ၁၆၄,၀၀၅,၆၀၀ | | | | | |
| ၇ | သာသနာရေး | ၎င်း | ၄၂၉,၈၀၀,၀၀၀ | --- | ၈၈,၅၀၄,၆၀၀ | ၁၀၈,၄၁၃,၄၂၀ | | | | | |
| ၈ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၎င်း | ၄၅၅,၀၀၀,၀၀၀ | --- | ၅၈,၈၇၀,၂၀၀ | ၆၂၁,၀၄၀,၅၇၀ | | | | | |
| ၉ | ပြန်ကြားရေး | ၎င်း | ၈၁၂,၀၀၀,၀၀၀ | --- | --- | ၈၅၁,၅၉၀,၇၇၀ | | | | | |
| ၁၀ | ယဉ်ကျေးမှု | ၎င်း | ၃၇၀,၀၀၀,၀၀၀ | --- | ၅၈,၀၆၀ | ၁,၅၂၆,၁၅၃,၇၅၀ | | | | | |
| ၁၁ | ပညာရေး | ၎င်း | ၂၂,၉၃၃,၂၀၉,၈၁၀ | --- | ၃၀၇,၅၀၀ | ၁၃,၁၈၆,၂၄၈,၆၆၀ | | | | | |
| ၁၂ | ကျန်းမာရေး | ၎င်း | ၅,၆၁၈,၅၀၀,၀၀၀ | --- | ၃,၃၂၁,၀၀၀ | ၄,၀၆၄,၈၂၇,၁၁၀ | | | | | |
| ၁၃ | အားကစား | ၎င်း | ၄၄၄,၀၀၀,၀၀၀ | --- | ၁,၂၅၆၅,၀၀၀ | ၂၉၆,၀၉၄,၅၆၀ | | | | | |
| ၁၄ | အလုပ်သမား | ၎င်း | ၁၅၉,၄၀၀,၀၀၀ | --- | ၁၆၆,၀၀၀ | ၄၈,၅၃၃,၂၅၀ | | | | | |
| ၁၅ | သစ်တောရေးရာ | ၎င်း | ၁၉,၂၉,၁၀၀,၀၀၀ | --- | ၄၉၁,၅၀၀ | ၈၉၂,၂၆၃,၀၁၀ | | | | | |
| ၁၆ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | ၁၁,၂၃၄,၅၀၀,၀၀၀ | --- | ၄၁၃,၀၀၀ | ၁၄,၀၈၇,၁၅၃,၀၀၀ | | | | | |
| ၁၇ | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၎င်း | ၇၁၂,၀၀၀,၀၀၀ | ၃,၀၅၀,၀၀၀ | ၃၅၁,၂၀၀ | ၃၃၃,၃၁၉,၀၀၀ | | ၂၁,၃၉၄,၀၀၀ | | | |
| ၁၈ | သတ္တုတွင်း | ၎င်း | ၃၂၄,၀၀၀,၀၀၀ | --- | --- | ၂၇၄,၁၅,၄၅၀ | | | | | |
| ၁၉ | အမှတ် (၁) စက်မှု | ၎င်း | ၁၃၃,၅၀၀,၀၀၀ | --- | --- | ၇၁,၁၁၄,၅၀၀ | | | | | |
| ၂၀ | အမှတ် (၂) စက်မှု | ၎င်း | ၆၆,၁၀၀,၀၀၀ | --- | --- | ၁၀,၀၀၈,၄၀၀ | | | | | |
| ၂၁ | သိပ္ပံနှင့်နည်းပညာ | ၎င်း | ၁,၀၇၃,၅၀၀,၀၀၀ | --- | ၁၇၅,၀၀၀ | ၁၀,၂၆၅,၃၀၆,၄၇၀ | | | | | |

ဇယား (၄) အဆုံး

## ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | သီးသန့်ရန်ပုံငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၂၂ | စွမ်းအင် | ဝန်ကြီးချုပ် သို့မဟုတ် | ၃၅,၃၅၀,၀၀၀ | --- | --- | ၇,၁၇၉,၃၃၀ | | | | | |
| ၂၃ | လျှပ်စစ်စွမ်းအား | ဝန်ကြီးချုပ်က တာဝန် | ၂၃၉,၃၀၀,၀၀၀ | --- | --- | ၆,၂၀၁,၇၈၀,၈၆၀ | | | | | |
| ၂၄ | ဆောက်လုပ်ရေး | ပေးသူ | ၈,၁၃၅,၀၀၀,၀၀၀ | --- | --- | ၂၃,၀၁၀,၇၀၂,၀၀၀ | | | | | |
| ၂၅ | ပို့ဆောင်ရေး | ၎င်း | ၇၀၃,၇၀၀,၀၀၀ | ၁,၂၉၄၃,၁၃၀ | ၅၁၃,၆၁၀ | ၉,၇၆၃,၈၈၃,၆၆၀ | | ၁,၂၄၉,၁၉၆၉၀ | | | |
| ၂၆ | ရထားပို့ဆောင်ရေး | ၎င်း | ၂၂၇,၉၀၀,၀၀၀ | --- | --- | ၆၇၄,၀၈၀,၃၀၀ | | | | | |
| ၂၇ | ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း | ၎င်း | ၂၂,၀၃၀,၀၀၀ | --- | ၆၈၀,၀၀၀ | ၂၆,၀၀၅,၀၀၀ | | | | | |
| ၂၈ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၎င်း | ၁၉၃,၀၀၀,၀၀၀ | --- | ၂၂၀,၀၀၀ | ၉၆,၄၀၉,၀၀၀ | | | | | |
| ၂၉ | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း | ၎င်း | ၆၄,၂၀၀,၀၀၀ | --- | ၁၃၄,၀၀၀ | ၁၀,၁၈၅,၅၀၀ | | | | | |
| ၃၀ | သမဝါယမ | ၎င်း | ၇၈,၂၄၀,၀၀၀ | --- | --- | ၂၀၅,၈၀၆,၅၀၀ | | | | | |
| ၃၁ | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | ၅၇၇,၀၀၀,၀၀၀ | ၂,၅၀၀ | ၂,၁၁၆,၀၀၀ | ၁,၀၀၀,၀၇၇,၇၅၀ | | | | | |
| ၃၂ | ဘဏ္ဍာရေးနှင့်အခွန် | ၎င်း | ၁,၅၃၇,၀၀၅,၀၀၀ | ၄၈,၉၀၁,၃၁၈,၀၀၀ | ၁၁,၈၆၂,၉၇၇,၀၀၀ | ၁၃၂,၇၄၉,၅၈၀ | | ၃၇၆,၂၃၅,၀၀၀ | ၁၇,၅၀၀,၀၀၀ | ၃၀,၀၀၀ | |
| ၃၃ | ပင်စင်လစာငွေများနှင့်ဆုငွေများ | ၎င်း | ၄,၁၀၀,၀၀၀,၀၀၀ | | | | | | | | |
| ၃၄ | ဆုငွေများနှင့်တစ်လုံးတည်းပင်စင်ငွေများ | ၎င်း | ၁,၆၀၀,၀၀၀,၀၀၀ | | | | | | | | |
| ၃၅ | သီးသန့်ရန်ပုံငွေ | ဤရန်ပုံငွေမှ ထုတ်ယူသုံးစွဲခွင့်ရှိသော ဇယား (၁)၊ (၂) နှင့် (၃) တို့တွင် ဖော်ပြထားသော တာဝန်ခံ သို့မဟုတ် အဆိုပါပုဂ္ဂိုလ်က တာဝန်ပေးသူ | | | | | | | | | ၁၀၀,၀၀၀,၀၀၀ |
| | ပေါင်း --- | | ၁၇,၅၁၆,၉၇၀,၇၁၀ | ၄၈,၉၁၉,၃၁၃,၆၃၀ | ၁၅,၁၆၀,၀၂၄,၆၇၀ | ၁၃၁,၂၃၂,၇၈၆,၃၀၀ | | ၅,၂၂၅,၄၈၆၉၀ | ၁၇,၅၀၀,၀၀၀ | ၃၀,၀၀၀ | ၁၀၀,၀၀၀,၀၀၀ |

# နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ



| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၅၁၈,၂၆၃,၂၉၄,၀၀၀ | | ၁၆,၆၆၅,၀၀၀ | ၂၅,၄၅၀,၀၀၀ | | ၁၉၂,၀၈၇,၀၀၀ | |
| | ပေါင်း --- | | | | ၅၁၈,၂၆၃,၂၉၄,၀၀၀ | | ၁၆,၆၆၅,၀၀၀ | ၂၅,၄၅၀,၀၀၀ | | ၁၉၂,၀၈၇,၀၀၀ | |

ဇယား (၆)

## နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၅၅၇,၉၃၃,၆၁၉,၀၀၀ | | | ၅၈,၃၀၅,၀၅၆,၇၇၀ | | ၈၀,၂၆၀၁,၀၀၀ | | |
| | ပေါင်း --- | | ၅၅၇,၉၃၃,၆၁၉,၀၀၀ | | | ၅၈,၃၀၅,၀၅၆,၇၇၀ | | ၈၀,၂၆၀၁,၀၀၀ | | |

ဇယား (၇)

တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေ |
| | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | ၇၆,၅၂၂,၀၀၀ | | | | | | | |
| | ပေါင်း -- | | | | ၇၆,၅၂၂,၀၀၀ | | | | | | | |

ဇယား (၈)

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | တာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၅၉,၀၀၀,၀၀၀ | | | ၁၉,၀၆၀,၀၀၀ | | | | |
| | ပေါင်း --- | | ၅၉,၀၀၀,၀၀၀ | | | ၁၉,၀၆၀,၀၀၀ | | | | |

ဇယား (၉)

ကုန်သွယ်လုပ်ငန်းခွန် ဥပဒေ၏ နောက်ဆက်တွဲဇယား ၁

**အခွန်မကျသင့်စေမည့် ကုန်စည်များ**

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၆၆ | စိပ်ပုတီးအမျိုးမျိုး။ |
| ၆၇ | ထင်းအစားထိုး လောင်စာတောင့်။ |
| ၆၈ | ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက်အမျိုးမျိုး။ |
| ၆၉ | အုန်းဆီ။ |
| ၇၀ | ကြက်ဥ၊ ဘဲဥ စသည့် ဥအမျိုးမျိုး။ |
| ၇၁ | ဖရုံစေ့၊ ဖရဲစေ့။ |

## ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၏ နောက်ဆက်တွဲဇယား ၂

## ၅ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည့် ကုန်စည်များ

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၃၂ | အချိုရည်ဘူးခွံများ။ |
| ၃၃ | ရေသန့်ဘူးခွံများ။ |
| ၃၄ | စည်သွတ်ဘူးခွံများ။ |
| ၃၅ | မုန့်ဟင်းခါးဖတ်၊ နန်းကြီး၊ နန်းပြား၊ ဆန်ကြာဆံ၊ ညှပ်ခေါက်ဆွဲ စသည်များ။ |
| ၃၆ | မျိုးစေ့၊ မျိုးဥအမျိုးမျိုး၊ ပျိုးကိုင်း၊ ပျိုးပင်၊ အပင်ပေါက် အမျိုးမျိုး။ |
| ၃၇ | ခြင်နိုင်ဆေး အမျိုးမျိုး။ |
| ၃၈ | ဆန်မှုန့် (ကလေးအာဟာရမှုန့်)။ |
| ၃၉ | ဆန်ဖြင့်ပြုလုပ်သော မုန့်ပဲသရေစာ အမျိုးမျိုး။ |
| ၄၀ | ဆေးသနပ်ခါး အပါအဝင် သနပ်ခါးအတုံး၊ အရည်၊ အမှုန့်၊ အခဲ။ |
| ၄၁ | ဝါး၊သင် သို့မဟုတ် ကြိမ်နှင့်ပြုလုပ်သောတူ၊ တောင်း၊ ခြင်း၊ ဖျာ၊ ဆန်ခါ၊ ဆန်ကော၊ ထရံ စသည့်လူသုံးကုန်ပစ္စည်းများ။ |
| ၄၂ | ငါးဆားနယ် အမျိုးမျိုး။ |
| ၄၃ | ပုစွန်ချဉ်၊ ငါးချဉ် အမျိုးမျိုး။ |
| ၄၄ | ထန်းလျက်၊ ကြံသကာ။ |
| ၄၅ | တိရစ္ဆာန်အစားအစာ (ကျွဲနွားအစာမှအပ)။ |
| ၄၆ | ပိုးသတ်ဆေးမဟုတ်သည့် အပင်၊ အသီး၊ အပွင့်၊ အရွက်ဖျန်းဆေးအမျိုးမျိုး။ |
| ၄၇ | ငါးဆုပ်ကြော်၊ ငါးမုန့်ကြော်၊ အသားလုံးကြော်၊ ပုစွန်လုံးကြော်၊ ပုစွန်ခြောက်ကြော်၊ ငါးပိကြော်။ |
| ၄၈ | သရက်သီးသနပ်၊ မရမ်းသီးသနပ် စသည့် သနပ်အမျိုးမျိုး။ |
| ၄၉ | ပုစွန်ခြောက်အကောင်/အမှုန့်၊ ငါးခြောက် အမျိုးမျိုး။ |
| ၅၀ | ဝက်အူချောင်း၊ ကြက်အူချောင်း စသည့် အသားအူချောင်း အမျိုးမျိုး။ |
| ၅၁ | ပဲနို့ရည်။ |
| ၅၂ | ပဲကြာဆံ။ |
| ၅၃ | အမွေးတိုင်၊ နံ့သာတိုင်များ။ |
| ၅၄ | အမျိုးသမီးလစဉ်ပုံမှန်သုံး သန့်ရှင်းမှုဆိုင်ရာ အသုံးအဆောင်များ။ |
| ၅၅ | စဉ့်အိုး၊ မြေအိုး။ |
| ၅၆ | သွားတိုက်ဆေးဘူးခွံများ။ |

## ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၏ နောက်ဆက်တွဲဇယား ၃

## ၁၀ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည့် ကုန်စည်များ

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁၂၁ | မီးသွေးမီးဖိုအမျိုးမျိုးနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၁၂၂ | ဒီဇယ်မီးဖိုအမျိုးမျိုးနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၁၂၃ | ဓာတ်ငွေ့ရည်သုံး မီးဖိုအမျိုးမျိုးနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၁၂၄ | ဇလီဖားတုံး။ |
| ၁၂၅ | သွားတိုက်ဆေး အမျိုးမျိုး။ |
| ၁၂၆ | သောက်ရေသန့်။ |
| ၁၂၇ | သီဟိုဠ်စေ့။ |
| ၁၂၈ | သစ်ကြားစေ့။ |
| ၁၂၉ | လဲဝါ၊ ရေမြှုပ်၊ ဖော့၊ အုန်းဆံ၊ စပရိန် စသည်တို့ဖြင့် ပြုလုပ်ထားသော အသုံးအဆောင်ပစ္စည်းများ။ |
| ၁၃၀ | ရွှေချည်ထိုး၊ ငွေချည်ထိုးအထည်နှင့် အသုံးအဆောင် ပစ္စည်းများ။ |
| ၁၃၁ | ခေါင်းလျှော်ရည် အမျိုးမျိုး။ |

## ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၏ နောက်ဆက်တွဲဇယား ၄

## ၂၀ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည့် ကုန်စည်များ

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၈၉ | ရွှေစင်၊ ရွှေ ပလက်တီနံ။ |
| ၉၀ | ဖျော်စပ်ပြီး ကွန်ကရစ်။ |
| ၉၁ | ဖော်မီကာ အမျိုးမျိုး။ |

## ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၏ နောက်ဆက်တွဲဇယား ၅

## ၂၅ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည့် ကုန်စည်များ

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၅၂ | ကားအလှဆင် ပစ္စည်းများ။ |
| ၅၃ | ဖိုင်ဘာဖြင့်ပြုလုပ်သော အသုံးအဆောင်ပစ္စည်းများ။ |
| ၅၄ | အလူမီနီယံဖြင့်ပြုလုပ်သော အသုံးအဆောင်ပစ္စည်းများ။ |
| ၅၅ | ကွန်ပျူတာနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |

## ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၏ နောက်ဆက်တွဲဇယား ၇

## အခွန်ရာခိုင်နှုန်းနှင့် ယှဉ်တွဲဖော်ပြထားသည့်အတိုင်း အခွန်ကျသင့်စေရမည့် ဝန်ဆောင်မှုများ

| အမှတ်စဉ် | ဝန်ဆောင်မှု အမျိုးအစား | အခြေပြု တွက်ချက်ရမည့်ငွေ | အခွန် ရာခိုင်နှုန်း |
|---|---|---|---|
| ၆ | ခရီးသွားလာရေးလုပ်ငန်း (ခရီးသွားလမ်းညွှန်သက်သက် လုပ်ကိုင်မှုများ အပါအဝင်)။ | ခရီးလှည့်လည်သူထံမှရငွေစုစုပေါင်း | ၅ |
| ၇ | မော်တော်ယာဉ် ရေဆေး၊ ဆီထိုး လုပ်ငန်း။ | ပစ္စည်းတန်ဖိုး အပါအဝင် ရငွေ စုစုပေါင်း | ၁၀ |
| ၈ | အသက်အာမခံလုပ်ငန်းမှ အပ အခြားအာမခံလုပ်ငန်း။ | ပရီမီယံ ရငွေ စုစုပေါင်း | ၅ |
| ၉ | ဆံသအပါအဝင်အလှပြင်လုပ်ငန်း၊ ခန္ဓာကိုယ်အလှပြင်နှင့် ပြုပြင်လေ့ကျင့်မှုလုပ်ငန်း။ | ပစ္စည်းတန်ဖိုး အပါအဝင် ရငွေ စုစုပေါင်း | ၅ |
| ၁၀ | ပုံနှိပ်လုပ်ငန်း။ | ပုံနှိပ်ခ ရငွေ စုစုပေါင်း | ၅ |